မြစ်ကြီးနားသတင်းဂျာနယ်

# ၂၀၂၃ ခုနှစ် ကချင်ပြည်နယ် အတွင်းက အထင်ကရ နေ့စွဲများ



## ဇန်နဝါရီ (၁)

ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် ဥက္ကဌဟောင်း ဒေါက်တာခလမ်ဆမ်ဆွန်ဟာ မန္တလေးလေဆိပ်မှာ ဖမ်းဆီးခံရလိုက်ရတဲ့နောက် စစ်ကြောရေးမှာ ၂၄ ရက်ဖြတ်သန်း ခဲ့ပြီး မြစ်ကြီးနား အကျဉ်းထောင်ရောက်ရှိကြောင်းနဲ့ နှစ်သစ်ကူး ဆုတောင်းစကားနဲ့ တကွ ဒေါက်တာခလမ်ဆမ်ဆွန် လက်ရေးနဲ့ ရေးသားထားတဲ့စာကို မိသားစုဝင်တစ်ဦးက လူမှုကွန်ရက်စာမျက်နှာမှာ မျှဝေခဲ့ပါတယ်။

## ဇန်နဝါရီ (၃)

မြစ်ကြီးနားမြို့ပေါ်က စစ်ရှောင်စခန်းတွေကို နွေရာသီကျောင်းပိတ်ရက် မတ်လမှာ အပြီးဖျက်သိမ်းဖို့ သက်ဆိုင်ရာဌာနတွေက စစ်ဘေးရှောင်စခန်းတွေရဲ့စာရင်းတွေကို ကောက်ယူခဲ့ပါတယ်။



## ဇန်နဝါရီ (၉)

ပြည်သူလူထုအတွက်၊ နိုင်ငံအတွက်တာဝန်ကျေပြီဖြစ်တဲ့ ကချင်လူမျိုးတို့ရဲ့ ဂီတသုခမအနုပညာရှင်၊ ရှေ့ဆောင်လမ်းပြမိခင်ကြီး အဖွားအူယဲန်း ဆင်ဝါး အင်ဖန်းဂျာရာဟာ ခရစ်တော်ထံ အိပ်ပျော်သွားခဲ့ပါတယ်။



## ဇန်နဝါရီ (၉)

တေးရေး၊တေးဆိုအပြင် ရုပ်ရှင်သရုပ်ဆောင်နဲ့ ဒါရိုက်တာတစ်ဦးဖြစ်တဲ့ ကချင်ဝါရင့်အနုပညာရှင် လော်ဝေါ်တိုင်းရင်းသား Z ခမ်းစိန်ဟာ ဆေးကုသမှုခံယူနေရင်း ဆုံးပါးသွားခဲ့ပါတယ်။



## ဇန်နဝါရီ (၁၀)

(၇၅) နှစ်ပြည့် ကချင်ပြည်နယ်နေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ KSCM သပိတ်ကော်မတီက ကချင်အမျိုးသားအလံလွှင့်ထူခဲ့ပါတယ်။



## ဇန်နဝါရီ (၁၄)

ထိုင်းနိုင်ငံ ၊ ဘန်ကောက်မြို့၊ Impact Arena မှာ ကျင်းပတဲ့ One Championship MMA ပြိုင်ပွဲရဲ့ One Fight Night 6 ပွဲစဉ်မှာ အောင်လအင်ဆန်က ဘရာဇီးဖိုက်တာ Gilberto Galvao ကို ပထမ အချီမှာပဲ အလဲထိုး အနိုင်ယူနိုင်ခဲ့ပါတယ်။



## ဖေဖော်ဝါရီ (၁)

စစ်အာဏာသိမ်းမှု (၂)နှစ် ပြည့်တဲ့နေ့မှာပဲ စစ်အာဏာရှင်စနစ်ကို အမြစ်ပြတ် မတိုက်ထုတ်နိုင်ခဲ့ရင်သားစဉ်မြေးဆက် အာဏာရှင်စနစ်ရဲ့ နှိပ်စက်မှု ခံနေရဦးမှာဖြစ်တယ်လို့ကချင် လွတ်လပ်ရေးအဖွဲ့အစည်း(KIO/KIA) ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီးနော်ဘူကပြောဆိုခဲ့ပါတယ်။

## ဖေဖော်ဝါရီ (၄)

ပြီးခဲ့တဲ့ (၂)နှစ်တာ ကာလအတွင်း ကချင်လွတ်လပ်ရေးတပ်မတော်(KIA)နဲ့ စစ်ကောင်စီတပ်တို့ကြား တိုက်ပွဲပေါင်း တစ်ထောင်ကျော်ဖြစ်ပွားခဲ့တယ်လို့ KIA/KIOပြန်ကြားရေး တာဝန်ခံ ဗိုလ်မှူးကြီးနော်ဘူ က ပြောပါတယ်။



## ဖေဖော်ဝါရီ (၅)

(၆၂) နှစ်မြောက် KIO/KIA ရဲ့ တော်လှန်ရေးနေ့ဖြစ်တဲ့ ဖေဖော်ဝါရီလ ၅ ရက်နေ့မှာတော့ နိုင်ငံရေးအရွေ့အပြောင်းကြီးတစ်ခုကို ပြုလုပ်သွားမှာနဲ့ စစ်ရေးပိုမိုပြင်းထန်လာနိုင်တာကြောင့် ပြည်သူလူထုတွေကို လုံခြုံရေးအတွက် ကြိုတင်ပြင်ဆင်မှုတွေလုပ်ထားဖို့ KIO/KIA ဥက္ကဌ ဗိုလ်ချုပ်ကြီးအင်ဘန်လက ဆိုပါတယ်။

## ဖေဖော်ဝါရီ (၂၈)

စစ်ကောင်စီက မြစ်ကြီးနားမြို့ကစစ်ရှောင်စခန်းတွေကိုမတ်လအပြီး ဖျက်သိမ်းတော့မှာလို့ ကြေညာပြီးတဲ့နောက် တပ်ကုန်းရပ်ကွက်၊ အင်ဂျန်ဒုံစစ်ရှောင်စခန်းနေ အိမ်ထောင်စု ၂၀ စုက ပြည်သူ ၁၁၂ ယောက်ဟာ နေရပ်ဖြစ်တဲ့ ဝိုင်းမော်မြို့နယ်၊ ဂါးရာယန်ကျေးရွာကို ပြန်သွားခဲ့ပါတယ်။

## မတ် (၁၉)

KIO ဌာနချုပ် လိုင်ဇာမြို့အနီးက ဂျယ်ယာန်(JeYang) စစ်ရှောင်စခန်းမီး လောင်ပြီး အိမ်ခြေ ၃၀ ထက်မနည်း ပျက်စီးဆုံးရှုံးခဲ့ပါတယ်။



## ဧပြီ (၇)

ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC) ဥက္ကဌဟောင်း ဒေါက်တာခလမ်ဆမ်ဆွန်ကို တရားရုံးကနေ အပြီးသတ်တရားစီရင်ပြီး ပုဒ်မ သုံးခုအတွက် ထောင်ဒဏ်၆နှစ်ချမှတ်ခဲ့ပါတယ်။

## ဧပြီ (၁၈)

မြစ်ကြီးနား-ဖားကန့် လမ်းပေါ်က ဆိုင်းဖရာကျေးရွာနေ ပြည်သူ ၃၀ ဦးကို စစ်ကောင်စီက လူသားဒိုင်းကာအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားပါတယ်။



## ဧပြီ (၂၁)

ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မော်ပုံကျေးရွာအတွင်းကို ရဲနဲ့စစ်သား ၅၀ ထက်မနည်းရှိတဲ့ စစ်ကောင်စီစစ်ကြောင်း ဝင်ရောက်လာပြီး အရပ်သား ၆၀ လောက်ကို စစ်ကြောင်းနဲ့အတူ ဖမ်းဆီးခေါ်ဆောင်ခဲ့ပါတယ်။



## ဧပြီ (၂၁)

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊လုံးခင်းကျေးရွာအုပ်စု မော်ပုံနဲ့ ဆန်ခါကျေးရွာအတွင်း စစ်ကောင်စီစစ်ကြောင်း ဝင်ရောက်လာပြီး ၁၅၀ လောက်ကို လူသားဒိုင်းကာအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါတယ်။



## ဧပြီ (၂၄)

မြစ်ကြီးနားမြို့နယ်၊ မလိဆွတ်ယန်ကျေးရွာဒေသခံ ၃၀၀ ကျော်ဟာ ၁၁ နှစ်ကျော်ကြာ စစ်ရှောင်ပြီး ဧပြီလ ၂၄ ရက်နေ့မှာတော့နေရပ်ဒေသကိုပြန်ခဲ့ကြပါတယ်။



## ဧပြီ (၂၈)

ကချင်ပြည်နယ်၊ ကန်ပိုင်တီနယ်စပ်မှာ တရုတ်-မြန်မာ ကုန်သွယ်စီးဆင်းမှု ကောင်းမွန်စေဖို့အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေါင်စန်းပြည်နယ်ခွဲက ကိုယ်စားလှယ်တော်တွေနဲ့ ကချင်ပြည်နယ်စစ်ကောင်စီ ဝန်ကြီးချုပ်တို့ ဧပြီလ ၂၆ ရက်နေ့က တွေ့ဆုံခဲ့ပါတယ်။

မြစ်ကြီးနားသတင်း ဂျာနယ်

## ၂၀၂၃ ခုနှစ် ကချင်ပြည်နယ် အတွင်းက အထင်ကရ နေ့စွဲများ



### မေ (၃)

ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC)ဥက္ကဋ္ဌဟောင်း ဒေါက်တာခလမ်ဆမ်ဆွန်ကို ဖမ်းဆီးထောင်ချထားတဲ့ အမှုတွေပတ်သက်ပြီး ခရိုင်တရားရုံးကို အယူခံတင်ပြခဲ့ပေမဲ့ ပယ်ချခံလိုက်ရပါတယ်။



### မေ (၉)

တရားမဝင်ရွှေတူးဖော်မှုတွေ လုပ်ဆောင်နေတဲ့ ကချင်ပြည်နယ်အတွင်းက နေရာဒေသတွေမှာ ဖမ်းဆီးအရေးယူ ရှင်းလင်းတာမျိုး တောက်လျှောက် လုပ်ဆောင်နေပေမဲ့ တူးဖော်မှုတွေကတော့ ရပ်တန့်မသွားဘူးလို့ စစ်ကောင်စီခန့် ကချင်ပြည်နယ်ဝန်ကြီးချုပ်က ဦးခက်ထိန်နန်က ပြောပါတယ်။



### မေ (၁၀)

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့မှာ ခွင့်ပြုချက်မရှိဘဲ လယ်ယာမြေကို အခြားနည်းနဲ့ အသုံးပြုသူ ၁၀ ဦးကျော်ကို သက်ဆိုင်ရာဌာနကနေ တရားစွဲဆိုထားတယ်လို့ စစ်ကောင်စီခန့် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြောခဲ့ပါတယ်။



### ဇွန် (၁)

မြစ်ကြီးနားမြို့မှာ နှစ်ပေါင်း ၄၄ နှစ်အတွင်း အမြင့်ဆုံးနေ့အပူချိန် ၄၁ ဒသမ ၈ ဒီဂရီစင်တီဂရိတ်ကို စံချိန်တင် ရောက်ရှိခဲ့ပါတယ်။

### ဇွန် (၉)

စစ်ကောင်စီက ကျင်းပပြုလုပ်ခဲ့တဲ့ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ကချင်ပြည်နယ်က ၇,၀၀၀ ကျော် အောင်မြင်ခဲ့ပြီး အောင်ချက် ၇၄ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။




### ဇွန် (၉)

တော်လှန်ရေးကာလဖြစ်တာကြောင့် ကချင်ပြည်နယ်အတွင်း တိုက်ပွဲတွေ ဆက်ဖြစ်လာနိုင်တဲ့အတွက် ပြည်သူတွေ ကြိုတင်သတိထားကြဖို့ ကချင်လွတ်လပ်ရေးအဖွဲ့အစည်း (KIO/KIA) သတင်းနဲ့ ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီးနော်ဘူက ဒီကနေ့ တစ်ကျော့ပြန်တိုက်ပွဲ ၁၂ နှစ်ပြည့်နေ့မှာ ပြောကြားပါတယ်။

### ဇွန် (၃၀)

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ကုက္ကိုတောရပ်ကွက်(ရှမ်းဝိုင်း) က အသက် ၁၁ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးကို အိမ်နီးချင်းဖြစ်သူ အသက် ၃၀ အရွယ် ဦးအင်ခွန်ယော်က အဓမ္မကျူးလွန်ဖို့ ကြိုးစားခဲ့ရင်း ကလေးငယ် သေဆုံးခဲ့ရပါတယ်။

### ဇူလိုင် (၃)

ဝိုင်းမော်-လိုင်ဇာလမ်းပေါ်က နေရပ်ပြန်နမ်ဆန်ယန်ကျေးရွာကို စစ်ကောင်စီတပ်က စခန်းချ ပြန်လည်နေထိုင်လိုတဲ့အတွက်ကြောင့် စစ်ကြောင်းထိုးတွေထိုးခဲ့ပါတယ်။

### ဩဂုတ် (၁)

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့နယ်၊ နမ်အွမ်ကျေးရွာအုပ်စု၊ တီးမားကျေးရွာက ကချင်လူငယ်နှစ်ဦးဟာ စစ်ကောင်စီရဲ့ ဖမ်းဆီးတာခံရပြီးနောက် အသတ်ခံလိုက်ရပါတယ်။



### ဩဂုတ် (၇)

ဖားကန့်မြို့ ၊ကသိုင်းတောင်က စစ်ကောင်စီစခန်းကို ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ကနေ တိုက်ခိုက်သိမ်းပိုက်ခဲ့ပါတယ်။



### ဩဂုတ် (၁၇)

ပူတာအိုမြို့နယ်၊ ဆွမ်ပီယန်ကျေးရွာအုပ်စုမှာ ရောဂါအမည်မသိရဘဲ သေဆုံးသွားတဲ့ ကျွဲ၊ နွား အကောင်ရေ ၂၀၀ အထက် ရှိခဲ့ပါတယ်။



### ဩဂုတ် (၁၉)

ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ ဈေးကုန်းရပ်ကွက်မှာ ကျောင်းလာကြိုတဲ့ စစ်ကောင်စီကား ပစ်ခတ်ခံရပြီး တပ်သား ၂ ဦးသေဆုံးသွားတဲ့နောက် မိုးကောင်းမြို့ အဝင်အထွက်နေရာတွေမှာ စစ်ကောင်စီကစစ်ဆေးတာတွေ လုပ်ဆောင်ခဲ့ပါတယ်။

### အောက်တိုဘာ (၂)

ဖားကန့်မြို့နယ်၊ ရှဒူးဇွပ်ကျေးရွာအနီးမှာရှိတဲ့ ကချင်လွတ်လပ်ရေးတပ်မတော် (KIA)၊ တပ်ရင်း ၁၄ လက်အောက်က ရှေ့တန်းစခန်းငယ်တစ်ခုကို ဝါရာဇွပ် ပြည်သူ့စစ်အဖွဲ့ကတိုက်ခိုက်သိမ်းပိုက်ခဲ့ပါတယ်။





### အောက်တိုဘာ (၉)

ကချင်လွတ်လပ်ရေးအဖွဲ့အစည်း (KIO/KIA) လိုင်ဇာဌာနချုပ်အနီးက မုန်လိုင်ခက် စစ်ရှောင်စခန်းမှာ အောက်တိုဘာလ၉ရက်နေ့ည ၁၁ နာရီခွဲအချိန်လောက်က စစ်ကောင်စီပစ်ခတ်လိုက်တဲ့ လက်နက်ကြီး ကျရောက်ပေါက်ကွဲခဲ့တဲ့အတွက် ကိုယ်ဝန်ဆောင်နှင့် ကလေးငယ်များအပါအဝင် စစ်ရှောင်ပြည်သူ အယောက် ၃၀ ထက်မနည်း သေဆုံးခဲ့ပါတယ်။



### အောက်တိုဘာ (၂၅)

စစ်ကောင်စီကျင်းပမယ့် ရွေးကောက်ပွဲမှာ ပြည်သူလူထုတွေ မပါဝင်ကြဖို့နဲ့ ပြည်သူအချင်းချင်း ရန်သူဖြစ်လာစေနိုင်တဲ့ စစ်ကောင်စီရဲ့ ပြည်သူ့စစ်တပ်ဖွဲ့တွေမှာလည်း မပါဝင်ကြဖို့ ၆၃ နှစ်မြောက် ကချင်လွတ်လပ်ရေး အဖွဲ့အစည်း (KIO) နေ့မှာ KIO/KIA ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးအင်ဘန်လက ပြောဆိုပါတယ်။



### အောက်တိုဘာ (၂၅)

ဖားကန့်မြို့၊ နမ့်မဖြစ်ကျေးရွာက မြန်မာသူရကျောက်မျက်ကုမ္ပဏီဝင်းအတွင်းက ကျောက်တွေကို အောက်တိုဘာလ ၂၆ ရက်နေ့မနက် ၁၁ နာရီခန့်ကစပြီး ဖားကန့်မြို့က ပြည်သူအချို့ဆိုင်ကယ်၊သုံးဘီး၊ကားတွေနဲ့သွားရောက် သယ်ယူခဲ့ကြပါတယ်။



### အောက်တိုဘာ (၂၇)

အွန်လိုင်းလောင်းကစား လိမ်လည်မှုပပျောက်ရေးအတွက် အဲဒီလုပ်ငန်းတွေလုပ်နေတဲ့ စစ်ကောင်စီနဲ့ ပြည်သူ့စစ်အဖွဲ့တွေကို နှိမ်နင်းဖို့အတွက် ၁၀၂၇ စစ်ဆင်ရေးကို ဟန်ချက်ညီ ပူးပေါင်းဆင်နွှဲလိုက်ပြီလို့ မြောက်ပိုင်း မဟာမိတ်ညီနောင်များအဖွဲ့က ပူးတွဲကြေညာပါတယ်။



### အောက်တိုဘာ (၃၁)

ကချင်လွတ်လပ်ရေးတပ်မတော်(KIA)ကနေ အောက်တိုဘာလအတွင်း စစ်ကောင်စီရဲ့တပ်စခန်း၅ ခုထက်မနည်း တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပါတယ်။

မြစ်ကြီးနားသတင်း ဂျာနယ်

# ၂၀၂၃ ခုနှစ် ကချင်ပြည်နယ် အတွင်းက အထင်ကရ နေ့စွဲများ



## နိုဝင်ဘာ (၃)

ကချင်လွတ်လပ်ရေးတပ်မတော် (KIA)နဲ့ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဝင်(PDF) စုစုပေါင်း တပ်သား ၁၀ ဦးတို့ဟာ လက်နက်ခဲယမ်းတွေနဲ့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ဆီ အလင်းဝင်ရောက်လာတယ်ဆိုပြီး စစ်ကောင်စီပိုင်သတင်းမီဒီယာမှာ ဖော်ပြခဲ့ကြပါတယ်။



## နိုဝင်ဘာ (၆)

အမှတ်(၁) စစ်ဒေသ၊ ကောလင်းခရိုင်ကွပ်ကဲရေး အစီအစဉ်နဲ့ ပြည်သူ့ ကာကွယ်ရေး တပ်မတော်(PDF)၊ မဟာမိတ် ပူးပေါင်း တပ်ဖွဲ့တွေက စစ်ကိုင်းတိုင်း၊ ကောလင်း ခရိုင်၊ ကောလင်းမြို့ကို သိမ်းပိုက်ခဲ့ပါတယ်။



## နိုဝင်ဘာ (၆)

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအဝင်က စစ်ကောင်စီရဲ့ လယ်ပြင်စုပေါင်းဂိတ်ကို ရုတ်သိမ်းခဲ့ပါတယ်။



## နိုဝင်ဘာ (၇)

လီဆူလူမျိုးတွေရဲ့ လူထုအစည်းဝေးဆုံးဖြတ်ချက်အရ ဝိုင်းမော်မြို့နယ်အတွင်းမှာရှိတဲ့ လီဆူအိမ်ထောင်စုတိုင်းက အသက်ပြည့်ပြီးသူတိုင်း တစ်အိမ်တစ်ယောက် စစ်သားလုပ်ဖို့အတွက် စစ်ကောင်စီလက်အောက်ခံ လီဆူပြည်သူ့စစ်အဖွဲ့က အကောင်ထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။

## နိုဝင်ဘာ (၇)

လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ပူတာအိုခရိုင်၊ ခေါင်လန်ဖူးမြို့နယ်၊ ရှိန်းခေါင်ကျေးရွာမှာ မီးလောင်မှုဖြစ်ပွားပြီး အိမ်ခြေ တော်တော်များများနဲ့ သိုလှောင်ထားတဲ့ကုန်ပစ္စည်းတွေမီးထဲ ပါသွားခဲ့ပါတယ်။



## နိုဝင်ဘာ (၉)

ဖားကန့်မြို့နယ်၊ ဆယ်ဇင်းကျေးရွာအောက်ဘက်က စစ်ကောင်စီနဲ့ ရှမ်းနီ SNA တပ်တွေရဲ့ ပူးပေါင်းတပ်စခန်း ၃ ခုကို KIA၊PDF တပ်ဖွဲ့တွေက တိုက်ခိုက်သိမ်းပိုက်ခဲ့ပါတယ်။





## နိုဝင်ဘာ (၁၂)

စစ်ကိုင်းတိုင်းဒေသထဲ တိုက်ပွဲတွေ ဖြစ်ပွားပြီး လမ်းပိုင်းပိတ်ဆို့တာတွေကြောင့် မြစ်ကြီးနားမြို့က စက်သုံးဆီအရောင်းဆိုင်ကြီးတွေမှာ ဆီပြတ်လပ်ပြီး ဆီဆိုင်အများစုပိတ်ပင်ထားရတဲ့အခြေအနေရှိခဲ့ပါတယ်။



## နိုဝင်ဘာ (၂၀)

မြစ်ကြီးနားခရိုင်၊ အင်ဂျန်းယန်မြို့အတွင်းက စစ်ကောင်စီတပ်စခန်းနှစ်ခုနဲ့ ရဲစခန်းမှာ တာဝန်ထမ်းဆောင်နေသူအားလုံး တပ်စခန်းတွေကနေအသီးသီးထွက်ခွာသွားကြပါတယ်။


## နိုဝင်ဘာ (၂၀)

ထီးချိုင့် ကသာလမ်းပိုင်းတွေ ပိတ်ဆို့နေတာကြောင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့မှာ ခရမ်းချဉ်သီးနဲ့ ငရုတ်သီးစိမ်း ရုတ်တရက် စံချိန်တင်ဈေး မြင့်တက်ခဲ့ပါတယ်။



## ဒီဇင်ဘာ (၅)

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်အတွင်းရှိ လီဆူလူမျိုးတစ်အိမ်တစ်ယောက် စစ်မှုမထမ်းမနေရဆိုတဲ့ လီဆူပြည်သူ့စစ်ခေါင်းဆောင်ဦးရွှေမင်းရဲ့ ထုတ်ပြန်စာကို ရုတ်သိမ်းပေးဖို့အတွက် ဝိုင်းမော်မြို့နေ လီဆူလူငယ်အချို့က တောင်းဆိုခဲ့ကြပါတယ်။





## ဒီဇင်ဘာ (၂၀)

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ မချမ်းဘော့မြို့နယ် အင်ခါးဂါးကျေးရွာမှာ တပ်စွဲနေထိုင်နေတဲ့ စစ်ကောင်စီတပ်စခန်းတစ်ခုကို ကချင်လွတ်လပ်ရေးတပ်မတော်(KIA)ကနေ ပစ်ခတ်မယ်လို့ ခြိမ်းခြောက်လိုက်တာကြောင့် ဒီဇင်ဘာလ ၁၆ရက်နေ့မှာ စခန်းတစ်ခုလုံး ဆုတ်ခွာသွားကြပါတယ်။

## ဒီဇင်ဘာ (၂၀)

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လူးမြို့ကို တော်လှန်ရေးမဟာမိတ်တပ်ပေါင်းစုအဖွဲ့က ထိန်းချုပ်နိုင်ခဲ့ပြီးနောက် ပြည်သူ့အုပ်ချုပ်ရေးစနစ် စတင်ခဲ့ပါတယ်။



## စက်တင်ဘာ (၂၇)

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ လုံ့ရှာယန်ကျေးရွာမှာလွန်ခဲ့တဲ့ ၃ နှစ် (အာဏာမသိမ်းခင်) လောက်က ဆုတ်ခွာသွားခဲ့တဲ့ စခန်းပြန်ထိုင်ဖို့ စစ်ကောင်စီက ပြင်ဆင်နေပါတယ်။